ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

စာအမှတ်၊ ရပတ / ကသ-၀၀၃ / ၀၈၈ / ၂၀၁၈
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ( ၂၇ )ရက်

အကြောင်းအရာ။ **တက္ကသိုလ်ဝင်ခွင့်အတွက် ဆေးစစ်ရန်နှင့် လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန်ကိစ္စ။**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ တက်ရောက်ရန်အတွက် ပဏာမရွေးချယ်ထားသော ပူးတွဲစာရင်းပါ ကျောင်းသားကျောင်းသူများသည် ဆေးစစ်ရန်နှင့် လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် ဤတက္ကသိုလ်သို့ ပူးတွဲပါ အစီအစဥ်အတိုင်း လူကိုယ်တိုင် မပျက်မကွက် (**မပျက်မကွက်**) လာရောက်ကြရမည်ဖြစ်ပါသည်။

ဤတက္ကသိုလ်သို့ လာရောက်သည့်အခါတွင် အကြောင်းကြားစာနှင့်အတူ အနောက်တိုင်းဝတ်စုံဖြင့် ရိုက်ကူးထားသော ဓါတ်ပုံ (နောက်ခံအပြာရောင်၊ Size အလျား 1¼" × အနံ 1½") ဓါတ်ပုံ(၇)ပုံ ယူဆောင်လာရမည်။ မိဘနှစ်ပါးနှင့် မိမိ ( ၃ ) ဦးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)များကို တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်ပါသည်။

ပါမောက္ခချုပ် (ကိုယ်စား)
သန်းသန်းမြင့်၊မော်ကွန်းထိန်း

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ပဏာမဝင်ခွင့်ရရှိသူများသတင်းပို့ရန်နှင့် ဆေးစစ်ရန်အစီအစဉ်

(က) မျက်စိစမ်းသပ် စစ်ဆေးမည့်အစီအစဉ်

| စဉ် | ဝင်ခွင့်ရအမှတ်စဉ် | စစ်ဆေးမည့်နေ့ရက် |
|---|---|---|
| ၁။ | ၁ မှ ၁၁၀ အထိ | ၁၂.၁၁.၂၀၁၈ (တနင်္လာနေ့) |
| ၂။ | ၁၁၁ မှ ၂၂၀ အထိ | ၁၃.၁၁.၂၀၁၈ (အင်္ဂါနေ့) |
| ၃။ | ၂၂၁ မှ ၃၂၂ အထိ | ၁၄.၁၁.၂၀၁၈ (ဗုဒ္ဓဟူးနေ့) |

(ခ ) ကျန်းမာရေးဆေးစစ်မည့်အစီအစဉ်

| စဉ် | ဝင်ခွင့်ရအမှတ်စဉ် | စစ်ဆေးမည့်နေ့ရက် |
|---|---|---|
| ၁။ | ၂၂၁ မှ ၃၂၂ အထိ | ၁၂.၁၁.၂၀၁၈ (တနင်္လာနေ့) |
| ၂။ | ၁ မှ ၁၁၀ အထိ | ၁၃.၁၁.၂၀၁၈ (အင်္ဂါနေ့) |
| ၃။ | ၁၁၁ မှ ၂၂၀ အထိ | ၁၄.၁၁.၂၀၁၈ (ဗုဒ္ဓဟူးနေ့) |

( ဂ ) လူတွေ့စစ်ဆေးမည့်အစီအစဉ်

| စဉ် | ဝင်ခွင့်ရအမှတ်စဉ် | စစ်ဆေးမည့်နေ့ရက် |
|---|---|---|
| ၁။ | ၁ မှ ၁၆၀ အထိ | ၁၅.၁၁.၂၀၁၈ (ကြာသပတေးနေ့) |
| ၂။ | ၁၆၁ မှ ၃၂၂ အထိ | ၁၆.၁၁.၂၀၁၈ (သောကြာနေ့) |

| | |
|---|---|
| သတင်းပေးပို့ရမည့်အချိန် | နံနက် ၈ း၃၀ နာရီ |
| စစ်ဆေးမည့်အချိန် | နံနက် ၀၉ း၀၀ နာရီမှ ၁၆း၀၀ နာရီထိ |
| နေရာ | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် |

မှတ်ချက်။ (က) မျက်စိနှင့်ကျန်းမာရေးဆေးစစ်ခြင်းလာရောက်ရာတွင် ကျောင်းသားများ ရှပ်အင်္ကျီအဖြူနှင့် ပုဆိုးဝတ်ဆင်လာရမည်။ ဆံပင်ရှည်ထားခြင်း၊ ဆံပင်ဆေးဆိုးခြင်းများ ခွင့်မပြုပါ။ ကျောင်းသူများ မြန်မာအင်္ကျီနှင့်လုံချည်ဝတ်ဆင်လာရမည်။ ဆံပင်ဆေးဆိုးခြင်းမပြုရပါ။ အနောက်တိုင်းဝတ်စုံဖြင့် ရိုက်ကူးထားသော ဓါတ်ပုံ (နောက်ခံအဖြူရောင်၊ Size အလျား 1¼″ x အနံ 1½″) ဓါတ်ပုံ(၇)ပုံ ယူဆောင်လာရမည်။

(ခ) လူတွေ့စစ်ဆေးလာရောက်ရာတွင် အထူးပြုဘာသာရပ်ဆန္ဒပြုလွှာတွင် ဦးစားပေးရွေးချယ်လိုသော ဘာသာရပ်အစီအစဉ်အတိုင်းဖြည့်၍ ယူဆောင်လာရမည်။

(ဂ) ဝင်ခွင့်ရရှိသူများစာရင်းကို (**၃၀.၁၁.၂၀၁၈** )ရက်နေ့တွင် ဤတက္ကသိုလ်၌ ကြေညာထားမည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများသည် (**၃.၁၂.၂၀၁၈**) မှ (**၁၄.၁၂.၂၀၁၈**) အတွင်း တက္ကသိုလ်မှတ်ပုံတင် လျှောက်လွှာတင်သွင်း ကြရမည်ဖြစ်ပါသည်။ ဤတက္ကသိုလ်၏ ပထမနှစ်သင်တန်းကို **ဒီဇင်ဘာလ(၃) ရက်နေ့**တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့